ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-5-2011) (၆၇၇၀)

| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး<br>☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး<br>☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး | ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  မေ  ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ ဘရွန်တီ နာဒင်း မိုလက်စ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။
**(ယာပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  မေ  ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန်သည် ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ဝဲပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၂၅ - ၅ -၂၀၁၁
(ဗုဒ္ဓဟူးနေ့)

# ပညာရေးကဏ္ဍ မြှင့်မားတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်း အဖြေရှာဆွေးနွေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်ကို ယခုနှစ် မတ် ၃၀ ရက်က စတင်ဖွဲ့စည်းပြီးသည့်နောက်တွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ ပညာရေးမူဝါဒနှင့်ပတ်သက်၍ မိန့်ကြားခဲ့ရာ၌ **"နိုင်ငံတစ်နိုင်ငံ အနေဖြင့် အယူအဆအတွေးအခေါ်များ ပြောင်းလဲလာသည်နှင့်အတူ သဘာဝ အရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးကြွယ်ဝလာမှသာလျှင် တိုင်းပြည်လည်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကအချက်အနေဖြင့် ပါဝင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း"** ပြောကြားသွားခဲ့သည်။

နိုင်ငံတော်၏ ပညာရေးကဏ္ဍကို ပြန်ကြည့်လျှင် အဆင့်မြင့်ပညာရေး ကဏ္ဍ၌ ကျောင်းသား၊ ကျောင်းသူများ ဒေသအတွင်း၌ပင် စရိတ်သက်သက်သာသာနှင့် ပညာသင်ယူနိုင်အောင် တက္ကသိုလ်နှင့် ကောလိပ်များစွာကို ဖွင့်လှစ်ပေးခဲ့သကဲ့သို့ အခြေခံပညာအဆင့်တွင်လည်း ကျေးလက်ဒေသ အပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းစသည့် စာသင်ကျောင်း မြောက်မြားစွာကို ဖွင့်လှစ်ပေးခဲ့ပြီး ပညာရေးကဏ္ဍကို အားပေးမြှင့်တင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော် နိုင်ငံတကာအဆင့်မီ ပညာရေးကဏ္ဍဖြစ်စေရန်မှု ကျယ်ပြန့်သော ပြုပြင်မှုများ လိုအပ်နေသေးသည်ကို တွေ့ရမည် ဖြစ်ရာ ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်၍ ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးလျက်ရှိသည်။

ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန်အတွက် အခမဲ့မူလတန်းပညာ မသင်မနေရအစီအစဉ်၊ကျောင်းပညာရပ်နှင့်အတူ တစ်ကိုယ်ရေသန့်ရှင်းရေး နှင့် လိုအပ်သော အားကစားရုံနှင့် အားကစားကွင်းများ ထည့်သွင်းပေးရန်၊ ကျောင်းဝင်း၊ အိမ်ဝင်းတို့တွင် အရိပ်ရသစ်ပင်များ၊ အသီးစားသစ်ပင်များ စိုက်ပျိုးရေး၊ ကြီးသူရိုသေ၊ ရွယ်တူလေးစားသော လူမှုရေး၊ ပြည်သူ့နီတိ ဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးရေး၊ အပတ်စဉ် အင်္ဂလိပ် ဘာသာစကား၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေး ခြင်းနှင့်အတူ သင်္ချာနှင့် သိပ္ပံပညာတို့ကိုလည်း ဦးစားပေးသင်ကြားရေး၊ အတန်းတင်စာမေးပွဲ အောင်မြင်စေရေးရည်ရွယ်ချက် သက်သက်ဖြင့် စာတတ်မြောက်ခြင်း မျိုးမဟုတ်ဘဲ အမှန်တကယ် အရည်အချင်းပြည့်ဝသည့် ဘွဲ့ရများဖြစ်စေရန် သင်ကြားပေးရန် ဆွေးနွေးပွဲများ အမြဲတစေ ပြုလုပ်ပေးရေးနှင့်အတူ ဆရာ၊ ဆရာမများ၏ လူမှုစီးပွားဘဝကိုလည်း မြှင့်တင်ပေးရေး၊ နိုင်ငံတကာဥပဒေပညာရပ်၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးစသည့် ဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးရေးနှင့် ကျောင်းတွင်း ခေတ်မီစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းနှင့်အတူ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်စေရန် စီစဉ်ပေးရေးတို့မှာ ပညာရေးကဏ္ဍ မြှင့်မားရေး အတွက် မဖြစ်မနေလုပ်ဆောင်ပေးသွားရမည့်လုပ်ငန်းများ ဖြစ်ပေသည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲ ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို ဝိုင်းဝန်းစဉ်းစား လေ့လာသုံးသပ်အဖြေရှာပေးကြခြင်းဖြင့် ပညာရေးကဏ္ဍ နိုင်ငံတကာအဆင့်မီ မြှင့်မားတိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ။

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက် သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပရိတ်တရားတော်များ စာတမ်းဖတ်

**ရန်ကုန် မေ ၂၄**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်(ရန်ကုန်)က ကြီးမှူး ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓပရိတ်တရားတော်များအကြောင်း စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ တက္ကသိုလ်၌ ကျင်းပရာ **(အပေါ်ပုံ)** နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရုအဂ္ဂမဟာပဏ္ဍိတ ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲကို ကျင်းပရာ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံမှ ဆရာတော် ဒေါက်တာ မနကထာ ခေမာနန္ဒက "သီရိလင်္ကာနိုင်ငံတွင် (ပရိတ်) အရံအတား ရွတ်ဆို လေ့ကျင့်မှုအကြောင်း"စာတမ်း၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဆရာတော် ဒေါက်တာဝါလမောရူဝေပီယ ရတနာက " သီရိလင်္ကာနိုင်ငံတွင် လူပုဂ္ဂိုလ်တို့ ဗုဒ္ဓအား ပူဇော်ပွဲနှင့် အထူးပူဇော်ပွဲများတွင် ပရိတ်ရွတ်ဆိုပုံ" စာတမ်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဒုတိယကျောင်းထိုင် ဆရာတော် ဖရာဖုန်ဓမ္မလင်္ကာရော က "ထိုင်းနိုင်ငံတွင် မနက်ပိုင်း တရားထိုင်ခြင်းနှင့် ညနေပိုင်းရွတ်ဆိုခြင်း လေ့ကျင့်မှုသမိုင်း" စာတမ်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အဘိဓမ္မာဇောတိကကောလိပ် အဘိဓမ္မာဌာနမှ ကထိက ဆရာတော် ဖရာမဟာပရောဉာဏကုသလော က "ထိုင်းနိုင်ငံတွင် တစ်ဦးချင်းသီးခြားရွတ်ဆိုခြင်းနှင့် ပွဲတော်ချိန်ကာလတွင် အစဉ်အလာအတိုင်း ဆုတောင်းခြင်းတို့အကြောင်း" စာတမ်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကာတရာဇာသ ဗုဒ္ဓကောလိပ် ပူးပေါင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ခွဲမှ ကထိကနှင့် ဒုတိယဥက္ကဋ္ဌ မစ္စယုလီယန်တီက "အင်ဒိုနီးရှားသမ္မတနိုင်ငံတွင် ထေရဝါဒဗုဒ္ဓ ဘာသာရွတ်ဆိုခြင်းအကြောင်း" စာတမ်း နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် တွဲဖက်ပါမောက္ခဆရာတော် ဒေါက်တာနေ့ာဓိ ဉာဏက "ပရိတ်တရားတော်ကို နားလည်သဘောပေါက်၍ ရွတ်ဆိုခြင်း" စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။ စာတမ်းဖတ်ပွဲကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

## မှုခင်းကျဆင်းရေး ခင်ဦး၌ ဟောပြော

**ခင်ဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ မြကန်သာရပ်ကွက် သဲပုံစေတီကျောင်းတိုက် ဓမ္မာရုံ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၀ ရက် ည ၇ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးအောင်မင်းချွန်က လောင်းကစားဥပဒေများကို လည်းကောင်း၊ စခန်းမှူး ရဲအုပ်ရဲခေါင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကို လည်းကောင်း အသိပညာပေးဟောပြောကြကြောင်း သိရသည်။

(၅၇၃)

## အလယ်တန်းကျောင်းအဆင့် လျှော်ဖြူကုန်း၌ တိုးမြှင့်ဖွင့်လှစ်

**ပျော်ဘွယ် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် မြောက်ကံကြီးကျေးရွာအုပ်စု လျှော်ဖြူကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီက လျှော်ဖြူကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအလယ်တန်းကျောင်းကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခြေခံပညာအလယ်တန်းကျောင်း ဆိုင်းဘုတ်အား ကျောင်းသား၊ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းသီဆို၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ကျောင်းဆောင်သစ်အတွက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ဘိလပ်မြေအိတ် ၅၀၊ ပျော်ဘွယ်မြို့ မြင်းဘက်ရပ်ကွက်နေ ဦးမြင့်သန်း-ဒေါ်စန်းစန်းငွေး (မဏိရွှေစင်ထက်ရတနာရွှေဆိုင်)က ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

(မြို့နယ်ပြန်/ဆက်)

**လှိုင်မြို့နယ် (၅)ရပ်ကွက် ယုဇနလမ်းနေ ဒေါ်လေးမိနှင့် သား၊ သမီး၊ မြေးမြီသားစုက ကွယ်လွန်သူ ဦးဝင်း [ညွှန်ကြားရေးမှူး၊ အင်ဂျင်နီယာဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (စွမ်းအင်ဝန်ကြီးဌာန)](၇)နှစ်ပြည့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာဖောင်ဒေးရှင်း) အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။**

(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၅ | ၁။ | တရားတော် |
| ၇း၁၅ | ၂။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၄။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၇။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၁၀ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၁၅ | ၂။ | အဖွင့်သီချင်း |
| ၄း၂၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ၄။ | လျှပ်တစ်ပြက် |
| ၄း၄၀ | ၅။ | အမျိုးသားရေးတေးကဗျာ |
| ၄း၄၅ | ၆။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၅၀ | ၇။ | ရှေးဟောင်းသုတ |
| ၅း၀၀ | ၈။ | ရန်သူမီး |
| ၅း၂၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၁၀။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၇)** |
| ၆း၀၀ | ၁၁။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၀ | ၁၃။ | **Mail Box** |
| ၆း၃၅ | ၁၄။ | ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၂၄) |
| ၇း၀၀ | ၁၅။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁၁)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ဒို့တာဝန်အရေး(၃)ပါး |
| | ၁၉။ | နိုင်ငံတကာသတင်း |
| | ၂၀။ | မိုးလေဝသသတင်း |
| | ၂၁။ | ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ကြင်ရာတော်ရွေးပွဲ (ထင်ကျော်လင်း၊ ပေါ်လေး၊ ကျော်ထူးနှင့်သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)] |
| | ၂၂။ | အိုင်စီတီသုတ |
| | ၂၃။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၄။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ (အပိုင်း-၁၈)** |
| | ၂၅။ | ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် |

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆီယံန်ဘွန်ဗွတ်က ၎င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**
**[၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်(ဥပုသ်နေ့)]**

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၅ ၉။ တေးဂီတအစီအစဉ်
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ "ရှင်နှောင်းကျောင်းရောက်ပြီ"
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၅ ၃။ အဆိုပြိုင်ပွဲ
၄:၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၅ ၅။ "စည်းကမ်းလိုက်နာ ဘေးကင်းမှာ"
၅:၀၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၁၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၈။ သီချင်းကြီးပဒေသာ
၅:၂၅ ၉။ "အရက်နှင့်ကျန်းမာရေး" (အပိုင်း-၁)
၅:၄၅ ၁၀။ International Science News
၅:၅၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၁၅ ၁၃။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၄။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
၆:၃၅ ၁၅။ ရွှေရင်ခုနှစ်သံ
၆:၅၅ ၁၆။ ဗိုလ်ကလေးတင့်အောင်၏ဘဝစာမျက်နှာများ
၇:၄၀ ၁၇။ "အလင်္ကာကျော်စွာ မြို့မငြိမ်းနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဂုဏ်ပြုတေး အစီအစဉ်
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၆၁)**
၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း "သားအချစ်၊ မြေးအနှစ်" (ထက်ထက်မိုးဦး၊ ချိုပြုံး) (ဒါရိုက်တာ-အောင်ဗပါဝါ)
၂၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၂၅။ အစီအစဉ်ပြီး၏။

# အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနား လွိုင်ကော်မြို့၌ ကျင်းပ

**နေပြည်တော် မေ ၂၄**

ပြည်သူလူထုအကြား ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အထူးသဖြင့် လက်သန့်ရှင်းရေး၊ အစားအစာများ သန့်ရှင်းစွာ ချက်ပြုတ်သိမ်းဆည်း စားသောက်၍ ကျန်းမာရေးနှင့် ညီညွတ်သော အပြုအမူကို လေ့ကျင့်ပြုစုပျိုးထောင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာဌာနများ၊ နှီးနွှယ်ဌာနများ၊ ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများက ပြည်သူလူထုကို ဟောပြောစည်းရုံးဆောင်ရွက်ကြရန်နှင့် ပြည်သူလူထုကလည်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက မေ ၂၁ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၁)ဖွင့်ပွဲအခမ်းအနား၌ မှာကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှုပြခန်းကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် လွိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဆေးကုသနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ သီရိမင်္ဂလာဈေး၌ စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ လူမှုရေးအသင်းအဖွဲ့များက ဈေးသန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန် လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

# MRTV-4 နှင့်ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှု ခေတ္တရပ်နားမည်

**နေပြည်တော် မေ ၂၄**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(ရန်ကုန်) 9 Meter Earth Station ရှိ Satellite Uplink စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို မေ ၂၆ ရက် ည ၁၁နာရီခွဲမှ ၂၇ ရက် နံနက် ၄ နာရီအတွင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ယင်းကဲ့သို့ ဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်မြို့မှအပ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်မှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း၊ MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများ ထုတ်လွှင့်ပေးနေသော နယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများနှင့် နေပြည်တော် (တောင်ညို) CATV Headend တို့မှလည်း ထိုအချိန်တွင် ထုတ်လွှင့်မှုများ ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Khin Maung Nyunt Trading Co., Ltd. ၏ ကူညီပံ့ပိုးမှုတို့ဖြင့် မေ ၂၈ ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာရဲမြင့်(စွန့်ဦးတီထွင်)က လူငယ်များအတွက် စီးပွားရေးအတွေးအခေါ် (Entrepreneurial Idea for Youth )ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ဟေးယွန်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စာရေးဆရာအလှူလုပ်ငန်းကော်မတီက ကြီးမှူး၍ စာရေးနည်းလမ်းညွှန်သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလှူလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်မည့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာနှင့် ဆောင်းပါးရေးနည်း အခြေခံများကို ပို့ချမည့် စာရေးနည်းလမ်းညွှန်သင်တန်း အမှတ်စဉ်(၂/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို မေ ၂၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် (၅၂၉) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ခန်းမဆောင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**စည်ပင်သာယာရဲတပ်ဖွဲ့(ရန်ကုန်)တပ်ဖွဲ့မှူး ရဲမှူးကြီးကျော်မြင့်က ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်မိသားစုများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်စဉ်။** (ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၄-၅-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၄၁၄၉ | ၀. ၀၃၂၈၈ |
| တရုတ် (ယွမ်) | ၆. ၅၀၁၀၀ | ၀. ၁၅၃၈၂ |
| အိန္ဒိယ (ရူပီး) | ၄၅. ၂၁၅၀ | ၀. ၀၂၂၁၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၅၈၀၀ | ၀. ၃၂၇၀၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၆၄၈ | ၀. ၈၀၂၂၆ |
| ဂျပန် (ယန်း) | ၈၂. ၀၆၅၆ | ၀. ၀၁၂၁၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၀၉၃. ၄၉ | ၀. ၀၀၀၉၁ |
| ယူရို | ၀. ၇၀၉၃၃ | ၁. ၄၀၉၇၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၁၈၇၈ | ၁. ၆၁၆၀၇ |

*အင်တာနက်။*

# ပါကစ္စတန်၏ နျူလက်နက်များ လုံခြုံရေးအခြေအနေ ဝင်သေးကြွများပြဿနာကြောင့် စိုးရိမ်ရသည့် အခြေအနေရှိ

အစ္စလာမ္မာဘတ် မေ ၂၄

**တာလီဘန်စစ်သွေးကြွများသည် မေ ၂၂ ရက်က ပါကစ္စတန်ရေတပ်၏ လေတပ်အခြေစိုက်စခန်းတစ်ခု၏ လေယာဉ်ကွင်းတစ်ခုကို အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်၍ အသစ်စက်စက်မှာယူထားသော ထောက်လှမ်းရေးလေယာဉ်များကို ဖျက်ဆီးခဲ့ကြသည်။**

ယင်းကဲ့သို့ တာလီဘန်စစ်သွေးကြွများက စစ်ဘက်အခြေစိုက် စခန်းတစ်ခုကို ထိုးဖောက်တိုက်ခိုက်နိုင်ခဲ့ခြင်းကြောင့် နျူကလီးယားလက်နက်များအပါအဝင် စစ်သုံးပစ္စည်းကိရိယာများ၏ လုံခြုံရေးအား ပါကစ္စတန်စစ်ဘက်က တာဝန်ယူနိုင်စွမ်းနှင့်ပတ်သက်၍ စိုးရိမ်မကင်းဖြစ်ရကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

၂၀၀၉ ခုနှစ်အတွင်း ရာဝါပင်ဒီလ်မြို့ရှိ ပါကစ္စတန်စစ်ဘက်ဌာနချုပ်အဆောက်အအုံတစ်ခုကို စစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက်ပိုင်း တနင်္လာနေ့က ဖြစ်ပွားခဲ့သော ကရာချိမြို့ ရေတပ်အခြေစိုက်စခန်းတိုက်ခိုက်ခံရမှုသည် ပါကစ္စတန်စစ်ဘက်အခြေစိုက်စခန်းတစ်ခုကို စစ်သွေးကြွများက အအောင်မြင်ဆုံး ထိုးဖောက်တိုက်ခိုက်နိုင်ခြင်းဟု ဆိုနိုင်သည်။

ကရာချိမြို့ ရေတပ်အခြေစိုက်စခန်းကို စစ်သွေးကြွများက ပြောင်ပြောင်တင်းတင်း ဝင်ရောက်တိုက်ခိုက်နိုင်မှုကြောင့် ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်တိုက်များနှင့် စစ်ဘက်ဆိုင်ရာ လက်နက်ပစ္စည်းများကို ကာကွယ်ရန် စစ်ဘက်၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မေးခွန်းထုတ်နိုင်ဖွယ်ရှိ၊ မရှိဟူသောမေးခွန်းကို ဖြေကြားရန် ပါကစ္စတန်စစ်ဘက်က ငြင်းဆိုခဲ့သည်။

ခန့်မှန်းချက်များအရ ပါကစ္စတန်သည် နျူကလီးယားလက်နက် ၇၀ မှ ၁၂၀ အထိ ပိုင်ဆိုင်ထားကြောင်း သိရသည်။ ယင်းနျူကလီးယားလက်နက်များကို သီးခြားစစ်ဘက်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ဖြစ်သော အဖွဲ့ဝင်အင်အား ၁၀၀၀၀ ခန့်ပါဝင်သည့် မဟာဗျူဟာစီမံချက်များဆိုင်ရာ တပ်မဟာက စီမံခန့်ခွဲသည်။ ဝါရှင်တန်အခြေစိုက် သုတေသနဌာနတစ်ခုက မေ ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ပါကစ္စတန်နိုင်ငံသည် နျူကလီးယားလက်နက် ခုနစ်ခုမှ ၁၄ ခုအထိကို ၎င်း၏ နျူကလီးယားလက်နက်တိုက်သို့ နှစ်စဉ်ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

**ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ကျင်းပသော စစ်ရေးပြပွဲတစ်ခုတွင် နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော တာဝေးပစ်ဒုံးကျည်များကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်ရေတပ်၏ လေယာဉ်ကွင်းကို တာလီဘန်များက ထိုးဖောက်တိုက်ခိုက်နိုင်မှုကို ထောက်ရှုခြင်းအားဖြင့် ယင်းစစ်သွေးကြွများသည် နျူကလီးယားလက်နက် စခန်းများကိုလည်း တိုက်ခိုက်ရန် ကြိုးပမ်းလာနိုင်ကြောင်း လေ့လာသူတစ်ဦးက ဆိုသည်။

*အင်တာနက်။*

# အိုက်စလန်မှ မီးတောင်ပြာမှုန်များ လွင့်မျောလာ ဥရောပဒေသများ၌ လေကြောင်းခရီးစဉ်များ ဖျက်သိမ်း

**လန်ဒန် မေ ၂၄**

အိုက်စလန်နိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ပေါ်ထွက်လာသော ပြာမှုန်များသည် လေထုလွှာအတွင်း ပျံ့နှံ့လျက်ရှိရာ မြောက်ပိုင်းအိုင်ယာလန်ဒေသ၊ စကော့တလန်ဒေသနှင့် စကန်ဒီနေဗီးယားဒေသ၏ နယ်မြေဒေသအချို့တို့တွင် လေကြောင်းခရီးစဉ် ၅၀၀ အထိ ဖျက်သိမ်းရမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ဥရောပလေကြောင်း ကူးသန်းသွားလာရေးအေဂျင်စီက မေ ၂၄ ရက်တွင် ပြောကြားသည်။

စကော့တလန်၊ အင်္ဂလန်မြောက်ပိုင်းနှင့် မြောက်ပိုင်းအိုင်ယာလန်ဒေသတို့မှ ပျံသန်းထွက်ခွာမည့် လေကြောင်းခရီးစဉ်များကို မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရပ်နားထားရမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံရှိ လေကြောင်းပျံသန်းမှုထိန်းချုပ်ရေးမှူးများက ပြောကြားကြသည်။ ဥရောပနိုင်ငံများ၏ လေကြောင်းခရီးစဉ် ၂၀၀ မှ ၂၅၀ အထိကို ဖျက်သိမ်းလိုက်ရပြီ ဖြစ်ကြောင်း ဥရောပ လေကြောင်းကူးသန်းသွားလာရေး အေဂျင်စီက ပြောကြားသည်။ အိုက်စလန်နိုင်ငံရှိ ဂရင်စဗော့ မီးတောင်မှ လွင့်မျောလာသော ပြာမှုန်များကြောင့် ဗြိတိသျှအဲဝေးစ် လေကြောင်းဌာနက လန်ဒန်နှင့် စကော့တလန်အကြား ပျံသန်းနေသော လေကြောင်းခရီးစဉ်များကို မေ ၂၄ရက် နံနက်တွင် ရပ်ဆိုင်းထားလိုက်သည်။

အလားတူပင် နယ်သာလန်နိုင်ငံမှ ကေအယ်လ်အမ်လေကြောင်းနှင့် အီးဇီးဂျက်လေကြောင်းဌာနတို့ကလည်း စကော့တလန်နှင့် မြောက်ပိုင်းအင်္ဂလန်တို့သို့ ပျံသန်းမည်သို့မဟုတ် ယင်းဒေသတို့မှ ပျံသန်းမည့် ၎င်းတို့၏ လေကြောင်းခရီးစဉ်များကို ဖျက်သိမ်းခဲ့ရသည်။ **အင်တာနက်။**

# ၂၁၀၀ ခုနှစ်၌ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု တစ်မီတာကျော်မည်ဟုဆို

ဆစ်ဒနီ မေ ၂၄

**ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် ရာစုနှစ်တစ်ခုအတွင်း အမြင့်တစ်မီတာကျော်မြင့်တက်မည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရ ရာသီဥတုဆိုင်ရာကော်မရှင်က တနင်္လာနေ့တွင် ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။**

ယင်းကဲ့သို့ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ရာစုနှစ်တစ်ခုလျှင် တစ်ကြိမ်ဖြစ်ပွားတတ်လေ့ရှိသော ကမ်းရိုးတန်းဒေသများ ရေလွှမ်းမိုးမှုကို ပေါ်ပေါက်စေနိုင်ကြောင်း အစီရင်ခံစာက သတိပေးထားသည်။

ကမ္ဘာ့မြေမျက်နှာပြင်သည် ပိုမိုလျင်မြန်စွာပူနွေးလာသည်မှာ သံသယရှိဖွယ်မလိုကြောင်း ရာသီဥတုဆိုင်ရာကော်မရှင်၏ အစီရင်ခံစာတွင်ဖော်ပြသည်။ စက်မှုလုပ်ငန်းများက ထုတ်လွှတ်သော ဖန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့များသည် ကမ္ဘာ့အပူချိန်မြင့်တက်လာမှု၊ သမုဒ္ဒရာများ ပူနွေးလာမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတို့၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းလုံးမှ နောက်ဆုံးရရာသီဥတုဆိုင်ရာ အချက်အလက်များကို စုစည်းသုံးသပ်ထားကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၁၀၀ ခုနှစ်တွင် ဖြစ်ပေါ်မည့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုသည် ၁၉၉၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုညဒသမ ၅ မီတာမှ ၁ ဒသမ သုညမီတာအထိရှိလာမည်ဟု မိမိအနေဖြင့်မျှော်လင့်ကြောင်း အစီရင်ခံစာကို ရေးသားခဲ့သော သိပ္ပံပညာရှင် ဝဲလ်စတက်ဖင်က ပြောကြားသည်။

**ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ဖြစ်ပွားခဲ့သော ရုတ်တရက်ရေလွှမ်းမိုးမှုကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ပင်လယ်ရေမျက်နှာပြင် အမြင့်သည် ၁ ဒသမ သုည မီတာအထိ မြင့်တက်လာပါက မမျှော်လင့်ထားသော ဆိုးကျိုးများဖြင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ဩစတြေးလျနိုင်ငံ၏ အကြီးဆုံးမြို့များဖြစ်သော ဆစ်ဒနီနှင့် မဲလ်ဘုန်းမြို့ဝန်းကျင်ရှိ ကမ်းရိုးတန်းဒေသများ၌ ရေလွှမ်းမိုးမှုများ ဖြစ်ပွားနိုင်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ်များအတွင်း အပူချိန်မြင့်တက်လာမှုကြောင့် တောမီးလောင်ကျွမ်းမှု၊ မိုးခေါင်မှုနှင့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်များကို ဩစတြေးလျနိုင်ငံသည် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

*အေအက်ဖ်ပီ။*

# ပြည်ပတပ်ဖွဲ့များဆိုင်ရာ သဘောတူညီချက်ကို ပြင်ဆင်ရန် တောင်ကိုရီးယားအစိုးရ စဉ်းစားသုံးသပ်မှု မရှိသေးဟုဆို

**ဆိုးလ် မေ ၂၄**

အမေရိကန်နှင့်ချုပ်ဆိုထားသော ပြည်ပတပ်ဖွဲ့များဆိုင်ရာ သဘောတူညီချက်၌ ပြင်ဆင်ပြောင်းလဲချက်များပြုလုပ်ရန် တောင်ကိုရီးယားအစိုးရက လောလောဆယ်စဉ်းစားသုံးသပ်မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက မေ ၂၄ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်ပတပ်ဖွဲ့များဆိုင်ရာ နှစ်နိုင်ငံသဘောတူညီချက်ကို ၁၉၆၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသဘောတူညီချက်အရ တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့စခန်းချခွင့်ကို တရားဥပဒေမူဘောင်အဖြစ် ခွင့်ပြုပေးခဲ့သည်။

**တောင်းဆို**

သို့ရာတွင် တောင်ကိုရီးယားရှိ အမေရိကန်စစ်စခန်း တစ်ခု၌ အဆိပ်အတောက်ဖြစ်စေနိုင်သော ဓာတုဗေဒရွက်ကြွေဆေးများကို လွှန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကာလက တိတ်တဆိတ်စွန့်ပစ်ခဲ့သည်ဆိုသော စွပ်စွဲချက်များ မကြာသေးမီက ပေါ်ထွက်ခဲ့ရာ ကိုရီးယားပြည်သူတို့က ပြည်ပတပ်ဖွဲ့များ စခန်းချထားခြင်းကို အဆုံးသတ်ပေးရန် တောင်းဆိုလာကြသည်။

မြို့တော်ဆိုးလ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာရှိ ချီလဂေါ့မြို့မှ အမေရိကန်စစ်စခန်းတစ်ခုတွင် ဓာတုဗေဒပိုးသတ်ဆေးဘူးအဟောင်းများကို လွှန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်က စွန့်ပစ်ခဲ့သည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။ ဓာတုဗေဒရွက်ကြွေဆေးများကို ဗီယက်နမ်စစ်ပွဲအတွင်းတွင် အမေရိကန်တပ်ဖွဲ့က အသုံးပြုခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူ့ကျန်းမာရေးထိခိုက်စေနိုင်သော ယင်းလုပ်ရပ်ကြောင့် ပြည်ပတပ်ဖွဲ့ဆိုင်ရာ သဘောတူညီချက်ကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုလာကြခြင်းဖြစ်သည်။

ယခုလောလောဆယ်တွင် ပြည်ပတပ်ဖွဲ့ဆိုင်ရာ သဘောတူညီချက်ကို ပြင်ဆင်ရန် အစီအစဉ်မရှိသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ချိုပြန်ချီက ပြောကြားသည်။

**စည်းမျဉ်းသစ်ချမှတ်**

အဆိုပါ သဘောတူညီချက်ကို ၂၀၀၁ ခုနှစ်က ပြင်ဆင်ခဲ့ရာ တောင်ကိုရီးယား၌ ပြစ်မှုကျူးလွန်သော အမေရိကန်တပ်ဖွဲ့ဝင်များကို ဒေသဆိုင်ရာ တရားရုံးများ၌ ရုံးတင်စစ်ဆေးခွင့်ရှိလာသည်။ ၎င်းပြင် တောင်ကိုရီးယားနိုင်ငံ၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများကို အမေရိကန်တပ်ဖွဲ့က လေးစားလိုက်နာရန် စည်းမျဉ်းသစ်တစ်ရပ်ချမှတ်ပေးနိုင်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ။**

**၁၉၁၉ ခုနှစ်တွင် ဂျပန်တပ်ဖွဲ့များ စတင်တည်ဆောက်ခဲ့ပြီး လက်ရှိတွင် အမေရိကန်နိုင်ငံက အသုံးပြုလျက်ရှိသည့် တောင်ကိုရီးယားနိုင်ငံမှ ကမ့်ဟမ်ဖရီစစ်စခန်းရှိ အမေရိကန် ရဟတ်ယာဉ်များကို တွေ့မြင်ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



# အီရန်တွင် ရေနံချက်စက်ရုံပေါက်ကွဲ တစ်ဦးသေဆုံး၊ ၂၂ ဦး ဒဏ်ရာရ

**တီဟီရန် မေ ၂၄**

အီရန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ရေနံစက်ရုံတစ်ရုံတွင် မေ ၂၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးထက်မနည်းသေဆုံး၍ ၂၂ ဦး ဒဏ်ရာရရှိကြောင်း မီဟာသတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်သည် အာဘာဒန်မြို့ရှိ ရေနံချက်စက်ရုံ၌ ကျင်းပသည့် စီမံကိန်းသစ် စတင်မှုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် လာရောက်နေစဉ် အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်ဟု သတင်း၌ ဖော်ပြသည်။

အာဘာဒန်ရေနံချက်စက်ရုံ၌ဓာတ်ဆီထုတ်လုပ်ရေးစီမံကိန်းသစ်တစ်ရပ်ကို စတင်သည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရန် ပြင်ဆင်နေချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အခမ်းအနားကျင်းပမှုကို ရပ်ဆိုင်းလိုက်ရသည်ဟုဆိုသည်။

ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့နှင့် မီးခိုးလုံးကြီးများကြောင့် အလုပ်သမားများနှင့် အခမ်းအနားတက်ရောက်ရန် ရောက်ရှိနေသူအချို့ မူးမေ့လဲကျခဲ့ကြောင်း၊ ၎င်းတို့ကို ကူဇက်စတန်ပြည်နယ်မြို့တော် အာမက်ဇ်ရှိ ဆေးရုံသို့ တင်ပို့ လိုက်ကြောင်း သတင်း၌ ရေးသားထားသည်။

အခမ်းအနား တက်ရောက်ကြမည့် အီရန်သမ္မတနှင့် ဧည့်သည်တော်များမှာမူ ပေါက်ကွဲမှုကြောင့် ထိခိုက်မှုတစ်စုံတစ်ရာ မရှိပေ။ မီးသတ်သမားများက မီးကို ထိန်းချုပ်နိုင်ခဲ့သည်ဟု မီဟာသတင်းဌာနက ဖော်ပြသည်။

အာဘာဒန်ရေနံချက်စက်ရုံသည် လုပ်ငန်းများကို တိုးချဲ့လျက်ရှိပြီး အရည်အသွေးမြင့်ဓာတ်ဆီနှင့် ရေနံဓာတုပစ္စည်းများ ထုတ်လုပ်ရန် ဦးတည်ကြိုးပမ်းနေသော စက်ရုံတစ်ရုံဖြစ်သည်။

ရေနံချက်စက်ရုံပေါက်ကွဲရသည့် အကြောင်းအရင်းမှာ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ဖြစ်ကြောင်းသိရသည်။

*အမ်အင်အေ၊ဆင်ဟွာ။*

## လက်ခံ တွေ့ဆုံ

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၄

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် နေပြည်တော်တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေတို့ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Muhammad Abdul Mubeen, ndc, psc ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Maj.Gen Anup Kumar Chakma, ndc,psc နှင့် စစ်သံမှူး Brig .Gen Md. Shahidul Haque, ndc, psc တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဩစတြေးလျသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စဘရွန်တီနာဒင်းမိုလက်စ်သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ယင်းသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် ဗိုလ်မှူးကြီးအောင်သော်တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လာရောက်တွေ့ဆုံ

**ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စဘရွန်တီနာဒင်းမိုလက်စ် လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ထိုင်းဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEP International Limited မှ Chief Executive Officer Mr. Anon ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 ရှိ ဇောတိကစီမံကိန်း အချိန်မီပြီးစီးရေး၊ လုပ်ကွက်အမှတ် M-3 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ခိုအောင်းနေသော ပမာဏအား တွက်ချက်အတည်ပြုနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်းများအကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ထိုင်းနိုင်ငံ PTTEP International Limited မှ Chief Executive Officer Mr.Anon ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ်နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ် Mr. Bhairaja Panday သည် ယနေ့မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.Kim Sok Chol သည် ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး ဌာနေကိုယ်စားလှယ် Mr.Bhairaja Panday လာရောက်တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ရေဝတီတံတား(စင်းခန်း) သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၄

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂၁ ရက်တွင် ရေဝတီမြစ် ဒုတိယမြစ်ကျဉ်း အထက်ဘက်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရေဝတီတံတား(စင်းခန်း)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန်၊ လူအင်အား၊ စက်ယန္တရားအင်အားပြည့်ဖြင့် နေ့/ညဆောင်ရွက်ရန်၊ တံတားအပိုင်းနှင့် လမ်းအပိုင်းကို ဟန်ချက်ညီညီ လုပ်ဆောင်သွားရန်နှင့် ကသာ-စင်းခန်း လမ်းအပိုင်းအား တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများ တိုးတက်ကောင်းမွန်စေရန်နှင့် စံချိန်စံညွှန်းပြည့်မီအောင် စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားသည်။**

ထို့နောက် ဗန်းမော်ဘက်ကမ်း RP 9 နှင့် RP 8 တို့တွင် သံပေါင်များ တပ်ဆင်နေမှု၊ ကရိန်းများဖြင့် သံပေါင်များ မတင်နေမှုနှင့် ချဉ်းကပ်တံတားတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေဝတီတံတား (စင်းခန်း) သံပေါင်တပ်ဆင်ရန် ၁၁၂ မီတာ အရှည် ခုနစ်ခန်း၊ ၉၆ မီတာအရှည် နှစ်ခန်း စုစုပေါင်း ကိုးခန်းရှိသည့်အနက် ဗန်းမော်ဘက်ကမ်း RP 9 နှင့် RP 10 တွင် ၉၆ မီတာ တစ်ခန်း ပြီးစီး၍ RP 9 နှင့် RP 8 တွင် ၁၁၂ မီတာ တစ်ခန်းကို သံပေါင်ဆက်လက်တပ်ဆင်လျက်ရှိကြောင်း၊ ကျန်ရှိသည့် ၁၁၂ မီတာ ခြောက်ခန်းနှင့် ၉၆ မီတာ တစ်ခန်းကို အမြန်ဆုံးတပ်ဆင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေဝတီတံတား(စင်းခန်း)သည် သံမဏိ သံပေါင်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ၃၂၀၅ ပေ၊ ချဉ်းကပ်တံတားနှစ်ဖက်အရှည် ၁၄၁၅ ပေ၊ ချဉ်းကပ်ရထားတံတား နှစ်ဖက်အရှည် ၂၂၉၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိကာ ရေလမ်းကင်းလွတ်အကျယ်ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေ ရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

**ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့)တွင် အခြေခံပညာကဏ္ဍကို ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၂၄**

ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ (ပထမနေ့)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမနှင့် စုပေါင်းခန်းမတို့၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ ဝိဇ္ဇာသိပ္ပံ အသိပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ အဆင့်မြှင့်ပညာကဏ္ဍကို ဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က ဆောင်ရွက်ပြီး တက်ရောက်လာသည့် ပညာရှင်များက အဆင့်မြင့်ပညာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အကြံပြုဆွေးနွေးကြသည်။

အလားတူ အခြေခံပညာကဏ္ဍကို ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးတင်ညိုက ဆောင်ရွက်ပြီး တက်ရောက်လာသည့် ပညာရှင်များက အခြေခံပညာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အကြံပြုဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို မေ ၂၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

**ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)-ဒေါ်မာလာသိန်း၊ သား အောင်ဇင်ဖြိုးသိန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

**ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့၏ မြေယာရှင်းအလှပြုပြင်ခြင်းလုပ်ငန်းကို လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## အလိမ္မာ စာမှာရှိ



**ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကန့်ဘလူ မြို့တွင်းရေပေးဝေမှုအခြေအနေကို ဧပြီ ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၂၅-၅-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "အဖိုးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်နိုင်ပုံ ခန္ဓာညဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် |
| ၆း၄၀ | ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၂)** |
| ၈း၅၀ | Road to Hip Hop's Hardcore Live Show |
| ၉း၀၅ | သဒ္ဓါကြည်ဖြူကုသိုလ်ယူ အမှတ်(၃)အခြေခံပညာဦးစီးဌာန၏ ပဗ္ဗဇ္ဇအလှူ |
| ၉း၂၀ | ဂျူပွင်ကျေးရွာမှထူးမြတ်တဲ့ ရွှေထီးတော်တင်လှူပူဇော်ပွဲ |
| ၉း၃၅ | အားကစားမြင်ကွင်းစုံ |
| ၁၀း၀၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁၀း၂၅ | Industrial Talk |
| ၁၀း၅၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁၁း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၁၂း၀၀ | သံဃာရတနာဆိုသည်မှာ. . . |
| ၁၂း၃၅ | Activities In The City |
| ၁း၀၀ | "အဖိုးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်နိုင်ပုံ ခန္ဓာညဏ်ရောက်ဒိဋ္ဌိဖြုတ်" တရားတော် |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | စကားနပန်း |
| ၃း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၄)** |
| ၄း၁၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၂)** |
| ၅း၀၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ |
| ၅း၃၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | ဇော်ရှိန်း |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅)** |
| ၇း၂၅ | Cartoon Show Time |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် |
| ၉း၀၀ | Celebrity Style |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၇၃)** |
| ၁၀း၂၀ | ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ |
| ၁၁း၀၀ | ကုသိုလ်ရနံ့တို့သင်းပျံ့လှိုင် Golden Lamps အမွေးတိုင် |
| ၁၁း၁၅ | World of Knowledge |
| ၁၂း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် |
| ၁၂း၄၅ | ကလေးများအတွက် အကောင်းဆုံး |
| ၁း၀၀ | Box Office Movies |
| ၁း၃၅ | ကာဗွန်မိုနောက်ဆိုဒ် အဆိပ်သင့်မှုအန္တရာယ် |
| ၂း၀၀ | ယုံကြည်စိတ်ချသူတို့ဘဝ |
| ၂း၂၅ | လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့ |
| ၂း၄၀ | တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ |
| ၃း၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၀ | ထန်းပင်မှဖြစ်သည့်အနုပညာ |
| ၄း၁၀ | စိတ်ချယုံကြည် Global Wave Technology |
| ၄း၂၀ | တရားဓမ္မပွားများအားထုတ်ရာ ဓမ္မဒူတတောရသာသနာ့ရိပ်သာ |
| ၄း၄၀ | ကြည်နူးဖူးမဝလေပြီ. . . ကျိုက်မရောမြို့၏ဆုတောင်းပြည့် ဘုရားကြီးဂုဏ်ရည် |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂၄

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် မေ ၂၄ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးများနည်းပါးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ နယ်စပ်ကုန်သည်အသင်း၊ ကုန်စည်ဒိုင်နှင့် အထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပြည်ပပို့ကုန် သွင်းကုန်လုပ်ငန်း လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း ၃၈၁ ဦး တက်ရောက်ကြသည်။

## ကုန်သွယ်မှုဖွံ့ဖြိုးရေး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျကြောင်း၊ ဈေးကွက်သစ်များ ရရှိရေး၊ ရရှိပြီးဈေးကွက်ခိုင်မာစေရေးနှင့် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးသည် အထူးအရေးကြီးကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးမှုမှတစ်ဆင့် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်းသုံးစွဲမှုဖူလုံသည့်အပြင် ကုန်ဈေးနှုန်းလည်း ပိုမိုတည်ငြိမ်လာမည်ဖြစ်ပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော ကုန်သည်လုပ်ငန်းရှင်များ တွေ့ကြုံနေသည့် အတားအဆီးအခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ယခုလို တွေ့ဆုံရခြင်းဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကုန်သည်လုပ်ငန်းရှင် ၈၀ ကျော်တို့က ၎င်းတို့ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ကုန်သွယ်မှုနှင့်ပတ်သက်သည့် အတားအဆီးများကို တင်ပြကြရာ သက်ဆိုင်ရာဌာနနှင့် အသင်းအဖွဲ့အသီးသီးတို့မှ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက လက်ရှိဖြစ်ပေါ်နေသော ပို့ကုန်သွင်းကုန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုင်စင်များ မှန်ကန်စွာလျှောက်ထားရေး၊ လိုင်စင်ဖောင်းပွမှုများမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရေး၊ ဈေးနှုန်းများ မှန်ကန်စေရေး၊ ကုန်ပစ္စည်းအရည်အသွေးများ မှန်ကန်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက ရောင်းချသောသီးနှံ ကုန်ပစ္စည်းများ အရည်အသွေး၊ အလေးချိန်များ မှန်မှန်ကန်ကန်ဖြစ်စေရေးနှင့် လတ်တလောဖြစ်ပေါ်နေသည့် ပဲတူခဲတူများ ပဲတွင်ရောစ၍ ရောင်းချနေခြင်းများကို ထိရောက်စွာ ဖော်ထုတ်ပြီး ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁) မှ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# ဝန်ဆောင်မှုအကောင်းဆုံးပေးနိုင်ရန် စာတွေ့လက်တွေ့အပြင် လုပ်ငန်းရှင်များ၏ ကြီးကြပ်မှုဖြင့်ကြိုးစား

**နေပြည်တော် မေ ၂၄**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏အစီအစဉ်ဖြင့် နေပြည်တော်ရှိ စားသောက်ဆိုင်များမှ ဝန်ထမ်းများ၏ ဧည့်ဝန်ဆောင်မှုအရည်အသွေး မြင့်မားလာစေရေးအတွက် ဖွင့်လှစ်သင်ကြားပေးခဲ့သော ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါ ဝန်ကြီးရုံး ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

ထို့နောက် သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဌာနနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုကဏ္ဍ၌ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်အောင် အခြေခံကျသည့် နေပြည်တော်ရှိ စားသောက်ဆိုင်များမှ ဝန်ထမ်းများအား ဧည့်ဝတ်ပျူပျူငှာငှာနှင့် ဝန်ဆောင်မှုလုပ်ကိုင်တတ်အောင် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ထို့အပြင် နေပြည်တော်တွင် အစိုးရဧည့်သည်တော်များ အမြဲရောက်ရှိနေမည်ဖြစ်ပြီး မကြာမီကျင်းပမည့် တတိယအကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၊ Gems Emporium၊ မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံ အစည်းအဝေးများ၊ ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပွဲတော်၊ ၂၀၁၄ ခုနှစ် ASEAN အစည်းအဝေးတို့ ရှိလာမည်ဖြစ်၍ ဝန်ဆောင်မှုကဏ္ဍ၌ အရည်အသွေး မြင့်မားလာစေရေးအတွက် သင်တန်းတွင် ပို့ချပေးသည့် စာတွေ့လက်တွေ့များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အရည်အသွေးပြည့်မီသော စားသောက်ဆိုင်များဖြစ်လာစေရေး ကြိုးစားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ သင်တန်းသို့ စားသောက်ဆိုင် ၃၀ မှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေ ပညာရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီနယ်မြေ ပညာရေးစည်းဝေး

**နေပြည်တော် မေ ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပညာရေးညှိနှိုင်းအစည်းအဝေးကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖွင့်လှစ်ထားပြီးဖြစ်သည့် အခြေခံပညာကျောင်း ၅၉၄ ကျောင်းအနက်မှ ဥပဓိရုပ်ကောင်းမွန်ရန် လိုအပ်သည့် အခြေခံပညာကျောင်း ၅၂ ကျောင်းကို နိုင်ငံတော်အစီအစဉ်နှင့် အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေများဖြင့် အသစ်တည်ဆောက်ခြင်း၊ ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါကျောင်းများအတွက် ပညာရေးဝန်ထမ်းလိုအပ်ချက်များကိုလည်း ပြည့်မီအောင် ဖြည့်တင်းပေးပြီးဖြစ်ကြောင်း။

အဆိုပါကျောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ မိဘ၊ ရပ်ကွက်၊ ကျေးရွာ၊ ပြည်သူများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ ပူးပေါင်းထိန်းသိမ်းစေလိုကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ပညာရည်အဆင့်အတန်း မြင့်မားရေးသာမက ကျောင်းသား၊ ကျောင်းသူများကိုလည်း တစ်ဦးချင်းစည်းကမ်းမှသည် ရပ်ကွက်၊ ကျေးရွာ စည်းကမ်း ကောင်းမွန်ပြီး နိုင်ငံတော်တွင် စည်းကမ်းကောင်းမွန်သော မျိုးဆက်သစ်များ ဖြစ်ပေါ်လာရေး ပြုစုပျိုးထောင်ပေးသွားရန် လိုအပ်ကြောင်း။

ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရစားပင်များ၊ ရတနာတန်းဝင် သစ်ပင်ကြီးများ၊ နှစ်ရှည်နှင့် ရာသီပန်းအလှပင်များ စိုက်ပျိုးသွားကြရန်လိုကြောင်း။

## သန့်ရှင်းရေး

ကျောင်းသား၊ ကျောင်းသူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ သောက်သုံးရေ သန့်ရှင်းရေးတို့ကို ဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲများ၏ ပညာရေးဆိုင်ရာ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ အခြေခံပညာ အရည်အသွေး မြင့်မားရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းအုပ်ကြီးများအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ဘဏ္ဍာငွေသုံးစွဲမှုလုပ်ငန်းများအားစိုက်ရန်မလိုတော့သဖြင့် ပညာသင်ကြားရေးအပိုင်းကိုသာ ဆရာ၊ မိဘ ပူးပေါင်းပြီး ဆောင်ရွက်သွားရန်လိုကြောင်း။

သတ်မှတ်ထားသော ကျောင်းနယ်မြေအလိုက် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းတက်ရောက်လာနိုင်ရေး၊ ကျောင်းနေမြဲရေးနှင့် ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီးတို့ တွေ့ဆုံ

**ရန်ကုန် မေ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong တို့သည် မေ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲတွင် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်လွယ်ကူရေးအတွက် ဆောင်ရွက်နေမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ထားဝယ်မြို့၌ သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၄/၂၀၁၁)ဖွင့်လှစ်

**နေပြည်တော် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ဖွင့်လှစ်သည့် သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု သင်တန်း အမှတ်စဉ်(၄/၂၀၁၁)ဖွင့်ပွဲ အခမ်းအနားကို မေ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ဌေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်၊ ကော့သောင်းခရိုင်များအတွင်းရှိ မြို့နယ်၊ မြို့နယ်ခွဲများမှ သင်တန်းသား၊ သင်တန်းသူ ၅၈ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စာရေးဝန်ထမ်း အခြေခံသင်တန်းဖွင့်

**ရန်ကုန် မေ ၂၄**

စာရေးဝန်ထမ်း အခြေခံသင်တန်းအမှတ်စဉ်(၁၃၅)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။**(ယာပုံ)**

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၀၃ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# ပုဂ္ဂလိက ပညာရေးကဏ္ဍ၊ ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ကျူရှင်များအတွက် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်

# ပညာရည်ထူးချွန်သူများ ပညာဆက်လက်သင်ယူနိုင်ရန် ပြည်ပ ပညာသင်ဆု၊ ပြည်တွင်းပညာသင်ဆုနှင့် ထူးချွန်ပြီး ဆင်းရဲနွမ်းပါးသူများအား ထောက်ပံ့ကြေးများ ထောက်ပံ့မည့်အစီအမံများလည်း စီစဉ်သွားရမည်

နေပြည်တော် မေ ၂၄

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားပညာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာကြသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဝိဇ္ဇာသိပ္ပံ အသိပညာရှင် အတတ်ပညာရှင်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာချမ်းသာကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း။

## နိုင်ငံတကာအဆင့်မီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်ကို ယခုနှစ် မတ် ၃၀ ရက်က စတင်ဖွဲ့စည်းပြီးသည့်နောက် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်၏ ပညာရေးမူဝါဒနှင့်ပတ်သက်၍ မိန့်ကြားခဲ့ရာတွင် မြန်မာနိုင်ငံ အဆင့်ထဲ ပိုမိုဝင်ဆံ့နိုင်အောင် နောက်ထပ်ပြုပြင်ပြောင်းလဲဖြည့်စွက်ရမည့် လိုအပ်ချက်များလည်း ရှိနေသေးသည့်အတွက် ယခုကဲ့သို့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဆရာ၊ ဆရာမကြီးများကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်၍ ထိုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

## ပူးပေါင်းလုပ်ဆောင်

ယခုလိုဆောင်ရွက်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကပညာရေးကဏ္ဍ၊ ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ကိုယ်ပိုင်သင်တန်းဖြစ်သည့် Tuition များအတွက် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းပြီး ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၏ ဘာသာ၊ ရိုးရာယဉ်ကျေးမှုကို ထိခိုက်စေသော ပညာရေးဝန်ဆောင်မှုမျိုး မဖြစ်စေရန် ကြိုးကြပ်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပညာရည်ထူးချွန်သူများ ပညာဆက်လက်သင်ယူနိုင်ရန် ပြည်ပပညာသင်ဆု၊ ပြည်တွင်းပညာသင်ဆုနှင့် ထူးချွန်ပြီး ဆင်းရဲနွမ်းပါးသူများအား ထောက်ပံ့ကြေးများ ထောက်ပံ့ပေးသွားမည့် အစီအမံများလည်း စီစဉ်သွားရမည်ဖြစ်ကြောင်း။

## ပြုပြင်မှုများလိုအပ်

မြန်မာနိုင်ငံပညာရေးအဆင့်အတန်းသည် နိုင်ငံ့အကြီးအကဲများ၏ ကြိုးပမ်းမှုကြောင့် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရကြောင်း၊ သို့သော်လည်း နိုင်ငံတကာအဆင့်မီဖြစ်ရန် ကျယ်ပြန့်သော ပြုပြင်မှုများလည်း လိုအပ်နေသေးသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပြုပြင်ပြောင်းလဲဖြည့်စွက်ရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကျောင်းတွင်းပညာရေးအနေဖြင့်-

- အခမဲ့မူလတန်းပညာ မသင်မနေရအစီအစဉ် အကောင်အထည်ဖော်စေခြင်းအားဖြင့် မိမိနိုင်ငံ၏ စာတတ်မြောက်နှုန်း

ပညာရေးကို နိုင်ငံတကာအဆင့်မီပညာရေးဖြစ်လာအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးဆက်သစ်လူငယ်များအပါအဝင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးပေးဆောင်ရွက်သွားမည်ဟု ပါရှိပါကြောင်း၊ ယင်းသို့ အလေးပေးဆောင်ရွက်နိုင်အောင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများပါဝင်သော အမျိုးသားပညာရေးကော်မတီကိုလည်း ဖွဲ့စည်းပေးပြီးဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအနေဖြင့် အယူအဆအတွေးအခေါ်များ ပြောင်းလဲလာသည်နှင့်အတူ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးကြွယ်ဝလာမှသာလျှင် တိုင်းပြည်လည်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကအချက်အနေဖြင့် ပါဝင်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် ကျောင်းသား၊ ကျောင်းသူများ မိမိတို့ဒေသအတွင်း စရိတ်သက်သက်သာသာနှင့် ပညာသင်ယူနိုင်အောင် နိုင်ငံ့အကြီးအကဲများက တက္ကသိုလ်နှင့် ကောလိပ်ပေါင်းများစွာကို ဖွင့်လှစ်ပေးခဲ့သကဲ့သို့ အခြေခံပညာအဆင့်တွင်လည်း ကျေးလက်ဒေသအပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းစသည့် စာသင်ကျောင်းမြောက်မြားစွာကို ဖွင့်လှစ်ပေးခဲ့ပြီး ပညာရေးကို အားပေးမြှင့်တင်ခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း။

## အသင့်တော်ဆုံးပညာရေးစနစ်

သို့သော်လည်း ပြောင်းလဲလာသည့်အခြေအနေ၊ ပြောင်းလဲနေသည့် အချိန်အခါအရ မြန်မာနိုင်ငံပညာရေးကို ကမ္ဘာ့အဆင့်၊ နိုင်ငံတကာ

❖ နိုင်ငံတစ်နိုင်ငံအနေဖြင့် အယူအဆအတွေးအခေါ်များ ပြောင်းလဲလာသည်နှင့်အတူ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးကြွယ်ဝလာမှသာလျှင် တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်။

❖ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးကဏ္ဍသည် အဓိကအချက်အနေဖြင့် ပါဝင်နေသည်ကို တွေ့ရမှာဖြစ်။

မြင့်မားလာစေပြီး သက်ဆိုင်ရာအသက်မွေးဝမ်းကျောင်းအလိုက် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိနိုင်ငံမှ စက်မှုနိုင်ငံသို့ ကူးပြောင်းရာတွင် စာမတတ်လျှင် မဖြစ်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊
- ကျောင်းပညာရပ်နှင့်အတူ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အခြေခံကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ဗဟုသုတများ ထည့်သွင်းသင်ကြားပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသော သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ ဝမ်းပျက်၊ ဝမ်းလျှော၊ သွေးတိုး၊ နှလုံး၊ ဆီးချိုစသည့် ရောဂါများကို ရှောင်ရှားနိုင်သော Life Style မျိုး သိရှိနိုင်ကြမည်ဖြစ်ကြောင်း၊
- ကျန်းမာကြံ့ခိုင်သော ကျောင်းသား၊ ကျောင်းသူလေးများ ဖြစ်လာစေရန် လိုအပ်သော အားကစားရုံနှင့် အားကစားကွင်းများ မဖြစ်မနေထားရှိပေးရန်လိုအပ်ကြောင်း၊
- ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု အမူအကျင့်များဖြစ်သည့် ကျောင်းဝင်း၊ အိမ်ဝင်းတို့တွင် အရိပ်ရသစ်ပင်များ၊ အသီးစားသစ်ပင်များ စိုက်ပျိုးတတ်စေရန် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရားကောင်းမွန်သော အလေ့အကျင့်ဖြစ်သည့် ကြီးသူရိုသေ၊ ရွယ်တူလေးစားသော လူမှုရေး၊ ပြည်သူ့နီတိ ဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးရန် လိုအပ်ကြောင်း၊
- ယနေ့ Globalization ခေတ်တွင် မပါမဖြစ်သော အင်္ဂလိပ်စာ ဘာသာရပ်တိုးတက်ရေးအတွက် အပတ်စဉ် အင်္ဂလိပ်ဘာသာစကား စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့်အတူ သင်္ချာနှင့် သိပ္ပံပညာတို့ကိုလည်း ဦးစားပေး

25-5)08.pmd 1 5/25/2011, 2:33 AM

သင်ကြားရမည်ဖြစ်ကြောင်း၊

- အတန်းတင်စာမေးပွဲ အောင်မြင်စေရေးရည်ရွယ်ချက်သက်သက်ဖြင့် စာတတ်မြောက်ခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ် အရည်အချင်းပြည့်ဝသည့် ဘွဲ့ရများဖြစ်စေရန် သင်ကြားပေးရန်နှင့် ထို့အတူ သင်ကြားပေးသော ဆရာ၊ ဆရာမများလည်း အမှန်တကယ် တတ်ကျွမ်းပိုင်နိုင်သော ခေတ်နှင့်တစ်ပြေးညီ တတ်မြောက်နေသော ဆရာ၊ ဆရာမများဖြစ်စေရန် စဉ်ဆက်မပြတ် သင်ကြားရေးပညာရပ် "Continuing Teaching Education" ဆွေးနွေးပွဲများ အမြဲတစေပြုလုပ်ပေးရန်၊ ထို့အတူ ဆရာ၊ ဆရာမများ၏ လူမှုစီးပွားဘဝကိုလည်း မြှင့်တင်ပေးရန်လည်း လိုအပ်ကြောင်း၊
- ၂၀၁၅ ခုနှစ် အာဆီယံပေါင်းစည်းရေးအစီအစဉ်အရ လိုအပ်နေပြီဖြစ်သော နိုင်ငံတကာဥပဒေပညာရပ်၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေး "International Law, International Relation" စသည့် ဘာသာရပ်ကိုလည်း ထည့်သွင်းသင်ကြားပေးရန် လိုအပ်ကြောင်း၊

၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစပြီး အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်စဉ်ပညာရေးကဏ္ဍအလိုက် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲများကျင်းပပြီး ဆက်လက်ဆောင်ရွက်ရမည့် စီမံချက်လုပ်ငန်းများကို ဆွေးနွေးဆုံးဖြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယနှစ်တို(၅)နှစ်စီမံကိန်း၏ ပထမနှစ်အဖြစ် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့၏ လမ်းညွှန်မှာကြားချက်များအနက် မသင်မနေရ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး အစပျိုးဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိပါကြောင်း။

**ပညာသင်ဆု**

အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ရေး အစီအစဉ်ကိုလည်း ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်သွင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားလာအောင် တွန်းအားပေးနိုင်မည့် အစီအစဉ်၊ ဖြည့်ဆည်းပေးသင့်သည့် အစီအစဉ်၊ အတန်းစဉ်အလိုက် ဆက်လက်တက်ရောက်သင်ယူမှုနှုန်း မြင့်မားလာအောင် လက်တွေ့လုပ်ငန်းခွင်နှင့် ဆက်စပ် ချိတ်ဆက်ပေးနိုင်မည့် အစီအစဉ်များကို ချမှတ်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ အခြေခံပညာအဆင့်အလိုက် သင်ကြားမှုစွမ်းရည် အစဉ်မြင့်မားနေအောင် ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို စဉ်းစားပေးရမည်ဖြစ်ပြီး ဆရာများက အလေးထားသင်ကြားလာအောင် ကြပ်မတ်ဆောင်ရွက်ပေးသင့်သည့် အစီစဉ်များကိုလည်း လေ့လာ သုံးသပ်အဖြေရှာပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ဆွေးနွေးညှိနှိုင်းတင်ပြ**

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် ပညာရှင်ကြီးများအနေဖြင့် ကဏ္ဍအလိုက် ပြုပြင်တိုးမြှင့်ဆောင်ရွက်သင့်သည့် ပညာရေးအစီအစဉ်များကို ဆွေးနွေးညှိနှိုင်းထောက်ခံတင်ပြပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# အမှာစကား ပြောကြား

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပညာရေးကဏ္ဍအဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးကဏ္ဍ အဆင့်မြှင့် တင် ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

ထို့ကြောင့်လည်း ကျောင်းတွင်းခေတ်မီစာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းနှင့်အတူ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်စေရန် စီစဉ်ပေးခြင်း စသည်တို့ကိုလည်း လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊

**အချုပ်အားဖြင့် မြန်မာနိုင်ငံပညာရေးကဏ္ဍတွင်-**

ယနေ့နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် အမျိုးသားပညာရေးမျိုး လိုအပ်နေကြောင်း၊ ယင်းကဲ့သို့ လိုအပ်သောပညာရေးမျိုးကို အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ ခွဲခြားပြီး ယခုအလုပ်ရုံဆွေးနွေးပွဲ၌ အဓိကထား ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကဏ္ဍနှစ်ခုစလုံး၏ အားနည်းချက်၊ အားသာချက်များကို ရှာဖွေဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲစရာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ကြရင်း ယခုအလုပ်ရုံဆွေးနွေးပွဲမှ လက်ရှိမြန်မာနိုင်ငံနှင့် သင့်တော်မည့် အကောင်းဆုံးပညာရေးစနစ်တစ်ခု လက်တွေ့ကျသော ပညာရေးစနစ်တစ်ခုကို ဖော်ထုတ်ပေးသွားကြရန် ကြွရောက်လာကြသော ပုဂ္ဂိုလ်များအားလုံးကို အလေးအနက် တိုက်တွန်းပန်ကြားရင်း ပညာရှင် ဆရာ၊ ဆရာမကြီးများ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသုခနှင့် ပြည့်စုံကြပါစေဟု ဆုတောင်း မေတ္တာ ပို့သပါကြောင်းဖြင့် ပြောကြားသည်။

**မသင်မနေရ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ၁၉၉၈ ခုနှစ်မှစပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပညာရေးမြင့်တင်မှု အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊

# မြန်မာနိုင်ငံပညာရေးကို ကမ္ဘာ့အဆင့် ပိုမိုဝင်ဆံ့အောင်

☆ ပြောင်းလဲလာသည့်အခြေအနေ၊ ပြောင်းလဲနေသည့် အချိန်အခါအရ မြန်မာနိုင်ငံပညာရေးကို ကမ္ဘာ့အဆင့်၊ နိုင်ငံတကာအဆင့်ထဲ ပိုမိုဝင်ဆံ့နိုင်အောင် နောက်ထပ်ပြုပြင်ပြောင်းလဲဖြည့်စွက်ရမည့် လိုအပ်ချက်များလည်း ရှိနေ။

☆ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဆရာ၊ ဆရာမကြီးများကို ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်၍ ထိုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် အသင့်တော်ဆုံး ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်။

☆ ယခုလို ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်လည်း နီးနီးကပ်ကပ် ပူးပေါင်းလုပ်ဆောင်။

# ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၃၃၄ သန်း ဖြန့်ဖြူးပေးနိုင်မည်

နေပြည်တော် မေ ၂၄

**ကယားပြည်နယ် လွိုင်ကော်မြို့၏ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်ရှိ ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် အနာဂတ်စွမ်းအား ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောက်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းပြီးစီးပါက တစ်လုံးလျှင် ၂၄ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင် အင်အား ၄၈ မဂ္ဂါဝပ်မှ နှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီ ၃၃၄ သန်း ထုတ်လုပ်ဖြန့်ဖြူးပေး နိုင်မည်ဖြစ်သည်။**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်ရုံ (Power House) တည်ဆောက်မည့်နေရာ မြေကြီးကျောက်သားတူးဖော်နေမှု၊ ရေထိန်းကန် တည်ဆောက်နေမှု၊ ဖိအားမြင့် သံမဏိပိုက်လိုင်း တည်ဆောက်မည့်မြေသားနံရံ ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ချဉ်းကပ်ဥမင်လိုဏ် အမှတ်(၂)နှင့် (၄) တူးဖော်ပြီးစီးမှုနှင့် ပင်မဥမင်လိုဏ် ရေထွက်ပေါက်တူးဖော်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဘီလူးချောင်းအမှတ်(၂)နှင့် ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံတို့ရှိ ဓာတ်အားပေးစက်များမှ ဓာတ်အားထုတ်လွှတ်မောင်းနှင်နေမှုနှင့် Control Room မှ Computer System ဖြင့် ဓာတ်အားထိန်းချုပ်မောင်းနှင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပေးစက်ရုံများရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံကာ စက်စွမ်းအားပြည့် လည်ပတ်မောင်းနှင်နိုင်ရေး၊ စက်များ စနစ်တကျကိုင်တွယ် အသုံးပြုရေး၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော် ဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း၌ ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအကြိမ် သက်ကြီးပူဇော်မည်

**နေပြည်တော် မေ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)၌ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၇၅)နှစ်နှင့်အထက် အငြိမ်းစားဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်း ၉၁ ဦးတို့အား လက်ရှိဝန်ထမ်းများက သက်ကြီးပူဇော်ကန်တော့မည်ဖြစ်သည်။ အဆိုပါ သက်ကြီးပူဇော်ပွဲကို မေ ၂၇ ရက်(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးစေ့ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအားလုံး စုံညီစွာ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဆောက်လုပ်ရေးပညာရပ် ဟောပြောမည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ပညာရွှေအိုး (Aureus Services Co., Ltd.) တို့ ပူးပေါင်း၍ Great Construction Projects in Modern China ဟူသော ခေါင်းစဉ်ဖြင့် ဆောက်လုပ်ရေး ပညာရပ်ဆိုင်ရာ ဟောပြောပွဲတစ်ရပ်ကို မေ ၂၈ ရက် (စနေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဟောပြောပွဲခန်းမ Seminar Room ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၅၁၉၆၇၃-၆ (လိုင်းခွဲ ၂၀၅၊ ၂၀၉) တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**သစ်ပင်စိုက်ပျိုး အလှတိုး**

# ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့တွင် ဆွေးနွေး ပြောကြားစဉ်။**

(သတင်းစဉ်)

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပြီး ဆွေးနွေးပွဲ ဒုတိယနေ့ အစီအစဉ်များကို ညနေ ၃ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းဘုရားများပြုပြင်ရန် အလှူငွေများလှူဒါန်း

**နေပြည်တော် မေ ၂၄**

ပုဂံယဉ်ကျေးမှုအမွေအနှစ် ဒေသရှိ ရှေးဟောင်းဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် စေတနာရှင်ပြည်သူများက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအောက်ရှိ ဌာနခွဲအသီးသီးသို့ အလှူငွေများ လှူဒါန်းလျက်ရှိရာ မေ ၁၈ ရက်တွင် ရန်ကုန်ရုံးခွဲသို့ ဦးအောင်သိန်း-ဒေါ်မြညို မိသားစုက ငွေကျပ်နှစ်သောင်း၊ မနှင်းအေးခိုင်မိသားစုက ငွေကျပ်သုံးသောင်း၊ ဒေါက်တာအောင်မြတ်- ဒေါက်တာရင်မေသန်း မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးခင်သန်း-ဒေါ်အေးတင် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်သောင်း မိသားစုက ငွေကျပ် ငါးသောင်းနှင့် မေ ၁၉ ရက်တွင် ပျဉ်းမနားရုံးခွဲသို့ ဦးအောင်လွင်မိသားစုက ငွေကျပ်ဆယ်သိန်းတို့ကို သွားရောက်လှူဒါန်းကြသည်။ အလှူငွေများ လှူဒါန်းလိုပါက ရှေးဟောင်း သုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း ၀၆၇-၄၀၈၀၃၈၊ ၄၀၈၀၂၇နှင့် ၄၀၈၀၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

# City Hunter ကိုရီးယားဇာတ်လမ်းတွဲ၌ ကြည့်ရှုရမည့် လီမင်ဟို၊ ပက်မင်ယောင်နှင့် လီဂျွန်းဟော့

*ဂျပန်စာရေးဆရာ တာဆူကာဆာ ဟိုဂျို၏ ကမ္ဘာကျော်ဝတ္ထု City Hunter ကို ကိုရီးယားဒါရိုက်တာ ဂျင်ဟော့က ရုပ်သံဇာတ်လမ်းတွဲအဖြစ် ပြန်လည်အသက်သွင်းထားခြင်းဖြစ်သည်။ ယင်းဇာတ်ကားတွင် ကိုရီးယားမင်းသား လီမင်ဟိုနှင့် ပက်မင်ယောင်တို့က အဓိကဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ထားပြီး လီဂျွန်းဟော့၊ ဟောင်ဆန်ဟီးနှင့် ဂူဟာရာတို့က ဇာတ်ပို့များအဖြစ် ပါဝင်အားဖြည့်ထားသည်။ ဤစိတ်ကူးယဉ် ချစ်ဇာတ်လမ်းကို အက်စ်ဘီအက်စ်ရုပ်သံလိုင်းမှ မေ ၂၅ ရက်မှ ဇူလိုင် ၂၈ ရက်ထိ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။*

*ယင်းဇာတ်ကားတွင် လီမင်ဟိုက အိမ်ပြာတော် (သမ္မတအိမ်တော်)၏ နိုင်ငံတော်ဆက်သွယ်ရေး ကွန်ရက်ကိုယ်စားလှယ် အမ်အိုင်တီ ဒေါက်တာ လီယွန်ဆောင်းအဖြစ် သရုပ်ဆောင်ထားသည်။ လီယွန်ဆောင်းသည် ထက်မြက်သည်။ အကောင်းမြင်တတ်သည်။ ဖော်ရွေပြီး တရားမျှတမှုအတွက် တစ်ဦးတည်း လျှို့ဝှက်ဆန့်ကျင်တိုက်ခိုက်တတ်သူလည်းဖြစ်သည်။ အထူးသဖြင့် ဤဇာတ်ကားတွင် လီမင်ဟိုသည် အခြားဇာတ်ကားများနှင့်မတူသည့် ဆန့်ကျင်ဘက်စိတ်ထားနှစ်ခုကို ပြိုင်တူထားသော ဇာတ်ဆောင်အဖြစ် သရုပ်ဆောင်ထားသကဲ့သို့ သူ၏ အထက်တန်းကျကျဖက်ရှင်စတိုင်များကိုလည်း ကြည့်ရှုခံစားကြရမည်ဖြစ်သည်။*

လီမင်ဟို

ပက်မင်ယောင်

*ယင်းဇာတ်ကားတွင် မင်းသမီး ပက်မင်ယောင်က သမ္မတအိမ်ပြာတော်၏ သက်တော်စောင့် ကင်နာနာအဖြစ် သရုပ်ဆောင်ထားပြီး ဒေါက်တာ လီယွန်ဆောင်းနှင့် မေတ္တာသက်ဝင် ချစ်ကျွမ်းဝင်နေသကဲ့သို့ အစိုးရရှေ့နေ ကင်ယောင်ဂျူး (လီဂျွန်းဟော့) နှင့်လည်း ချစ်ကြိုးဆက်သွယ်လျက်ရှိနေသည်။ ထို့ကြောင့် စိတ်ဝင်စားဖွယ်သုံးပွင့်ဆိုင်ချစ်ဇာတ်လမ်းကို ရင်ခုန်ဖွယ်ကြည့်ရှုခံစားရမည်ဖြစ်သည်။*

**အင်တာနက်။**

လီဂျွန်းဟော့

**အောဝမ်းစိုး**

# တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၄

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသ ကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်မှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်(ပျဉ်းမနား)တွင် သုည ဒသမ ၈၃ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ လွိုင်ကော်မြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၇၇ လက်မစီ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၄၂ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် ပခုက္ကူမြို့တွင် သုည ဒသမ ၈၃ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။**ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်။ ။**မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ပြည်သူ့ထံမှ ပေးစာများ

### သံထည်များ ထုခွဲရောင်းဝယ်ဆူညံ

**စာတည်းခင်ဗျား-**

ဘိုကလေးမြို့ (၃)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သံထည်အဟောင်းဆိုင်သည် လမ်းမပေါ်တွင် သံထည်ပစ္စည်းများ စုပုံထားခြင်း၊ သံထည်များအား ထုခွဲခြင်း၊ ပစ်တင်ပစ်ချခြင်းများ နေ့စဉ်ပြုလုပ်လျက်ရှိရာ ဆူညံသံများကြောင့် လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ။**

### ရေရရှိရေး ဆောင်ရွက်ပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၈)ရပ်ကွက်၌ ဂျိုးဖြူ ငမိုးရိပ်ရေပေးဝေရေး အစီအစဉ်အဖြစ် တစ်အိမ်လျှင် ငွေကျပ် ၁၆၅၀၀၀ စီ ကောက်ခံကာ ရေသွယ်ခဲ့ကြပါသည်။ ရေမီတာဖြင့် လစဉ် ရေဖိုးပေးခဲ့ကြရပါသည်။ သို့ရာတွင် (၈)ရပ်ကွက် အနောက်ခြမ်းတွင် ရေလုံးဝမလာတော့သည်မှာ တစ်နှစ်ကျော်သွားပြီဖြစ်သဖြင့် ရေရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ၊ ရပ်ကွက်သားများ။**

### စည်းကမ်းမဲ့ ကားနေရာဦးထားမှုများ ကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၄)လမ်းပေါ်တွင် ကားပါကင်အတားအဆီးများအား အလုအယက် စည်းကမ်းမဲ့စွာ လမ်း၏ဝဲ၊ ယာနှစ်ဖက်လုံးတွင် နေရာဦးထားကြသဖြင့် မကြာခဏ စကားများနေရပါသည်။ ထို့ကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**စည်းကမ်းရှိစေလိုသူ။**

### ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပြီးစီး

၁၁-၄-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လမ်းမတော်မြို့နယ် ၈ ရပ်ကွက် အောင်ရတနာလမ်းမှ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိလာခြင်းအား ဖယ်ရှားရှင်းလင်းပြီး ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ။**

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

# ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်  မေ ၂၄**

အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ပြီး အမျိုးသား အလွတ်တန်း၊ အမျိုးသားလူသစ်တန်း၊ အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ဆုကြေးများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ရာ ဇွန် ၂၂ ရက်နေ့ နောက်ဆုံးထားပြီး ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ (သုဝဏ္ဏ) ဖုန်း-၅၇၇၄၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဇူလိုင်လအတွင်း မလေးရှားနှင့် တရုတ်နိုင်ငံသို့ ခြေစမ်းပွဲသွားကစားရန် အာဆင်နယ်စီစဉ်

အင်္ဂလိပ်ပရီမီယာလိဂ်အသင်းတစ်သင်းဖြစ်သည့် အာဆင်နယ်အသင်းသည် မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၌ ခြေစမ်းပွဲသွားရောက် ကစားမည်ဖြစ်ကြောင်း အင်္ဂါနေ့က ကြေညာလိုက်သည်။

အာဆင်နယ် အသင်းသည် ခြေစမ်းပွဲအဖြစ် ပထမဦးဆုံး ကွာလာလမ်ပူမြို့၌ ကစားမည်ဖြစ်သည်။ ၎င်းသည် ဇူလိုင် ၁၁ ရက်တွင် ကွာလာလမ်ပူသို့ ရောက်ရှိမည်ဖြစ်ပြီး နှစ်ရက်အကြာတွင် မလေးရှားအသင်းနှင့် ယင်းနိုင်ငံရှိ ဘူကစ်ဂျာလီကွင်း၌ ကစားမည်ဖြစ်သည်။

ဆက်လက်၍ ၎င်းသည် ဇူလိုင် ၁၆ ရက်တွင် တရုတ်နိုင်ငံ ရီဂူမြို့တော်ရှိ ဟန်ကျိုးမြို့၌ တရုတ်စူပါလိဂ် အသင်းနှင့် ကစားမည်ဖြစ်သည်။

အာဆင်နယ် အသင်း၏ အမှုဆောင်အရာရှိချုပ် အိုင်ဗန် ဂဇီဒစ်က အာဆင်နယ်အသင်းသားများသည် မလေးရှားနှင့် တရုတ်နိုင်ငံတို့သို့ ခြေစမ်းပွဲသွားရောက်ကစားရန်အတွက် စိတ်လှုပ်ရှားနေကြသည်ဟု အာဆင်နယ်အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်သို့ ပြောကြားခဲ့သည်။

မိမိတို့အသင်းသည် မလေးရှားနိုင်ငံသို့ ၁၉၉၉ ခုနှစ်က နောက်ဆုံးသွားရောက် ကစားခဲ့ကြောင်း၊ ယခုအကြိမ်သည် လေးကြိမ်မြောက် ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ၁၉၉၅ ခုနှစ်က နောက်ဆုံး သွားရောက် ကစားခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါခရီးစဉ်သည် မိမိတို့အသင်းအတွက် အတွေ့အကြုံများ ရရှိစေပြီး ကစားသမားများအတွက် ယခင်သွားရောက် ကစားခဲ့စဉ်ကထက် အတွေ့အကြုံများ ပိုမိုရရှိစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မလေးရှားနိုင်ငံမှ ခရီးစဉ်ကြီးကြပ်သူများက အဆိုပါ ခြေစမ်းပွဲသို့ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ် နိုင်ငံတို့မှ ပရိသတ်များ လာရောက်ကြည့်ရှုကြမည်ဖြစ်၍ ယင်းမှ လက်မှတ်ရောင်းရငွေ အများအပြားရရှိမည်ဟု မျှော်လင့်ထားကြသည်။ ***အင်တာနက်။***

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန်  မေ ၂၄**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံအလေးမ အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို ဇွန် ၂၁ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ နေ့စဉ်နံနက် ၉ နာရီမှ စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါ အလေးမပြိုင်ပွဲတွင် ပထမတန်းအဆင့်၊ ဒုတိယတန်းအဆင့်နှင့် တတိယတန်းအဆင့် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အမျိုးသား ပထမတန်းအဆင့်နှင့် ဒုတိယတန်းအဆင့်ပြိုင်ပွဲအသီးသီးတွင် ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၂ ကီလိုအထက်တန်း ပြိုင်ပွဲများကိုလည်းကောင်း၊ အမျိုးသမီး ပထမတန်းအဆင့်နှင့် ဒုတိယတန်းအဆင့်ပြိုင်ပွဲအသီးသီးတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၃ ကီလိုအထက်တန်းပြိုင်ပွဲများကို လည်းကောင်း၊ အမျိုးသား တတိယတန်းအဆင့်ပြိုင်ပွဲတွင် ၅၆ ကီလိုတန်း၊ ၆၂ ကီလိုတန်း၊ ၆၉ ကီလိုတန်း၊ ၇၇ ကီလိုတန်း၊ ၈၅ကီလိုတန်း၊ ၈၅ ကီလိုအထက်တန်းပြိုင်ပွဲများကို လည်းကောင်း၊ အမျိုးသမီး တတိယတန်း ပြိုင်ပွဲတွင် ၄၈ ကီလိုတန်း၊ ၅၃ ကီလိုတန်း၊ ၅၈ ကီလိုတန်း၊ ၆၃ ကီလိုတန်းနှင့် ၆၃ ကီလိုအထက်တန်းပြိုင်ပွဲတို့ကို လည်းကောင်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းမျဉ်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့လည်းကောင်း၊ ဝန်ကြီးဌာန အလေးမအသင်းများသို့ လည်းကောင်း ဖြန့်ဝေထားပြီး ပြိုင်ပွဲဝင် အမည်စာရင်းများကို ဇွန် ၁၃ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၁၆၀ သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၁၁ နှစ်အတွင်း ဂိုးသွင်းအများဆုံးစံချိန်တင်နိုင်ခဲ့သည့် ဘာကလေပရီမီယာလိဂ်

၂၀၁၀-၂၀၁၁ ပရီမီယာလိဂ်ဘောလုံးရာသီမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး ယခုနှစ်တွင်ထူးခြားချက်များအဖြစ် ချန်ပီယံအသင်းက ဒုတိယနေရာမှ အသင်းကို ရမှတ်ကိုးမှတ်အထိ ဖြတ်ထားနိုင်ခဲ့ခြင်း၊ အသင်းပေါင်း ၂၀ ၏ သွင်းဂိုးများမှာ ၁၀၆၃ ဂိုးအထိရှိခဲ့ခြင်းတို့ ဖြစ်သည်။

ချန်ပီယံမန်ယူအသင်းမှာ ရမှတ် ၈၀ ဖြင့် ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းကို ကိုးမှတ်ဖြတ်ထားနိုင်ခဲ့ပြီး အိမ်ကွင်း၌ ရှုံးပွဲမရှိစံချိန်ကိုလည်း တင်နိုင်ခဲ့သည်။ ယခုနှစ် ပရီမီယာလိဂ်ပွဲပေါင်း ၃၈၀ တွင် အသင်း ၂၀ ၏ သွင်းဂိုးများမှာ ၁၀၆၃ ဂိုးရှိခဲ့သဖြင့် ပျမ်းမျှတစ်ပွဲလျှင် သုံးဂိုးခန့်ဖြစ်သည်။ ထို့ပြင် ယခုစံချိန်သည် ၁၉၉၉-၂၀၀၀ ဘောလုံးရာသီက ၁၀၆၀ ဂိုးစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ချန်ပီယံမန်ယူအသင်းသည် နောက်ဆုံး ၁၀ ပွဲတွင် ၃၂ ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီအတွင်း သွင်းဂိုးစုစုပေါင်း ၇၈ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ဒုတိယနေရာမှ ချယ်လ်ဆီးသည် သွင်းဂိုး ၆၉ ဂိုးရှိကာ တတိယနေရာမှ အာဆင်နယ်သည် ၇၂ ဂိုးအထိသွင်းယူနိုင်ခဲ့သည်။

ယခုနှစ် ဘာကလေပရီမီယာလိဂ်ပွဲစဉ်များထဲမှ သွင်းဂိုးအများဆုံးပွဲများမှာ မန်ယူ-ဘလက်ဘန်း(၇-၁)၊ အဲဗာတန်- ဘလက်ပူး (၅-၃)၊ နယူးကာဆယ်-အာဆင်နယ်(၄-၄)တို့အပြင် ချယ်လ်ဆီးက ဝီဂန်၊ ဝက်စ်ဘရွန်းတို့နှင့် ကစားခဲ့သော ပွဲစဉ်များတွင် ခြောက်ဂိုးပြတ်ဖြင့် နိုင်ခဲ့သော ပွဲစဉ်များဖြစ်သည်။ ***အင်တာနက်။***

**လင်းထက်**

# မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၇၁)နေ
ဦးနိုင်ဝင်း(ညွှန်ကြားရေးမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)- ဒေါ်ခင်ဝင်းတင့်တို့၏သားကြီး

## မောင်မင်းသက်နိုင်

Dip. in Electronics, Computer and Communication Engineering
B.TECH (Electronics Engineering) (National University of Singapore)
GLOBALFOUNDRIES Singapore Pte.Ltd.

နှင့်

မကွေးမြို့၊ တည်ဆောက်ရေး(၈)၊ ဆည်မြောင်းဦးစီးဌာနနေ
ဦးငွေကြည်[ဦးစီးအရာရှိ(မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန၊ မကွေးမြို့]-ဒေါ်လှခင်ကြူ(အလပြ-ငြိမ်း)
တို့၏သမီးကြီး

## မဝင့်ပေရယ်ငွေး

A.G.T.I(E.P), B.Com, DMA, Dip. in Computerised Accounting-MYOB (LCCI, UK)
Soft Guide Computer and LCCI Recognized Centre (Magway)

တို့၏၁၇-၅-၂၀၁၁ရက် (အင်္ဂါနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)နှင့် ဇနီး ဒေါ်မာလာတင့်တို့အားလည်းကောင်း၊ မင်္ဂလာညစာစားပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သရေစည်သူ ဦးဆန်းဆင့်၏ ဇနီးဒေါ်ခင်မလေးအားလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် ဇနီး ဒေါ်နွယ်နွယ်ယုတို့အားလည်းကောင်း၊ စစ်ဘက် နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မသက်သက်အေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မဇင်ဇင်ဇော်နှင့် မနွေးထက်ထက်၊ သတို့သားအရံ ဒေါက်တာ ထင်အောင်ဟိန်းနှင့် မောင်ဇော်မင်းထက်၊ သတို့သမီးအရံ မခင်ငြိမ်းချမ်းနှင့် မဖြူသွယ်ထွန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်စိမ်းမို့မို့၊ မင်္ဂလာတေးသံသာများဖြင့်ဖျော်ဖြေပေးသောအဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော မိုးကိုဦးနှင့်အဖွဲ့၊ Yuzana Garden Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်မင်းသက်နိုင်-မဝင့်ပေရယ်ငွေး**

# မင်္ဂလာညစာစားပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါက်တာတင်ဟိန်း[တွဲဖက်ပါမောက္ခ/ခွဲစိတ်အထူးကုဆရာဝန်ကြီး-ငြိမ်း၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်]-ဒေါ်တင်တင်သန်းတို့၏တစ်ဦးတည်းသောသား

## မောင်လင်းဇော်ဟိန်း

**Y.T.U(Mechanical)**
**M.O.T Second Class Part A(Marine)**
**Senior Quality Assurance Engineer(KEPPELFELS LIMITED, Singapore)**

နှင့်

ရန်ကုန်မြို့နေ (ဦးကြည်သန်း)[ဒုတိယအထွေထွေမန်နေဂျာ(စက်မှု)၊ (ငြိမ်း)မြန်မာ့မီးရထား]-
ဒေါ်ဝင်းဝင်းလွင်
တို့၏သမီးလတ်

## ဒေါက်တာမြသန္တာသန်း

**M.B.,B.S, M.Med.Sc(Surgery)**
**ပထမလက်ထောက်ခွဲစိတ်အထူးကုဆရာဝန်(ကလေးဆေးရုံကြီး၊ ရန်ကုန်မြို့)**

တို့၏ ၁၉-၅-၂၀၁၁ရက်တွင် တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးဝင်းမြင့်(မြို့နယ်တရားသူကြီး)နှင့် မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂၁-၅-၂၀၁၁ရက်တွင် Traders Hotel ၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာဦးဟန်ဝင်းနှင့်ဇနီး ဒေါက်တာနန်းကိန်ဖောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသောပါမောက္ခ ဒေါက်တာဦးထူးဟန်နှင့်ဇနီးဒေါက်တာ ဒေါ်ခင်စုကြည်၊ ကြွရောက်ချီးမြှင့်ကြသောဂုဏ်သရေရှိဆရာသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်း၊ တေးဂီတစန္ဒရားသိန်းမြင့်သန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသောမစုမြတ်နွယ်၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မတင်အိခိုင်၊ မင်္ဂလာသတို့သားအရံ ဒေါက်တာထက်အောင်ကြည်၊ မင်္ဂလာသတို့သမီးအရံ မအိမွန်စိုး၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးပါသော အေးဇော်မိုးနှင့်အဖွဲ့၊ မိတ်ကပ်နှင့်ဆံပင် ခင်စန်းဝင်း၊ DAGON ပုံနှိပ်တိုက်၊ Traders Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာညစာစားပွဲအောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်လင်းဇော်ဟိန်း-ဒေါက်တာမြသန္တာသန်း**

# လုပ်ငန်းခွင် အသုံးချ အင်ဂျင်နီယာ(မြို့ပြ) သင်တန်းဖွင့်

**ရန်ကုန်  မေ ၂၄**

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာ(မြို့ပြ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးထွန်းအောင်ကျော် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၈ ဦး တက်ရောက်၍ သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီယံန် ဘွန်ဗွတ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဆီယံန် ဘွန်ဗွတ်သည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**စာမျက်နှာ ၃ ကော်လံ ၄ သို့**✳